## ထိုင်းဖုန်းဖြင့် ပိုက်ဆံခိုး(အဲဟုတ်ပါဘူး) ပိုက်ဆံပို့ကြမယ်

ထိုင်းနိုင်ငံမှာ နေတဲ့သူငယ်ချင်းများအတွက် ရည်းစူးထားပါတယ်။ ကျွန်တော်တို့ တစ်ခြားသူငယ်ချင်းတစ်ယောက်က ဖုန်းပိုက်ဆံအရေးတစ်ကြီးလိုအပ်နေတယ်ဆိုကြပါစို့ဗျာ။ ကို့ဖုန်းမှာပိုက်ဆံရှိတယ်ဆိုရင်ပို့လို့ရပါတယ်။ 12 call and Dtac တော့ပို့လို့မရပါဘူး ကုမ္ပဏီတူမှရတာပါ။ ကဲကျွန်တော်က 12call သုံးတာဆိုတော့ ဒီအကြောင်းပဲပြောပါ့မယ်။ နောက်ကျမှ Dtac အတွက် ရေးပါဦးမယ်။

ကဲစကြရအောင်ဗျာ ပထမဦးဆုံး *140 ကိုခေါ် လိုက်ပါဗျာ ထိုင်းသူကပြောပါတယ် For english please press 1 ဆိုပြီးပြောပါလိမ့်မယ် အဲ့ဒါဆိုရင် 1 ကိုနှိပ်ပါဗျာ။ ပြီးတာနဲ့သူက ဆက်ပြောပါမယ် ငွေလွှဲမယ်ဆိုရင် 1 ကိုနှိပ်ပါလို့ ပြောလိမ့်မယ်။ ကိုက ငွေလွှဲမှာဖြစ်တဲ့အတွက် 1 ကိုထပ်နှိပ်လိုက်ပါ။ ပြီးတာနဲ့ ကိုလွှဲမယ့် ဖုန်းနံပါတ်ကို ပြောခိုင်းပါတယ်။ ကိုလွှဲမယ့်ဖုန်းနံပါတ်ကိုရိုက်ထည့်လိုက်ပါ။ အဲ့ ဒီနေရာမှာ ကျွန်တော့် ဖုန်းနံပါတ်ကို ရိုက်ထည့်လဲ စိတ်မဆိုးဘူးနော် ဟီးဟီး။ ဥပမာ- 0810781844 .. ပြီးတာနဲ့ သူက ၂၀ ပို့မှာဆိုရင် 1 ကိုနှိပ် 50 ပို့မှာဆိုရင် 2 ကိုနှိပ်၊ 100 ပို့မှာဆိုရင် 3 ကိုနှိပ်လို့ပြောပါမယ်။ ကိုပို့ချင်သလောက် ကို နှိပ်ပါ။ ပြီးတာနဲ့သူက ဆက်မေးပါမယ်။ သေချာလား သေချာတယ်ဆိုရင် 1 ကိုနှိပ်လို့ပြောပါမယ့်။ သေချာတယ် ငွေလွှဲချင်တယ်ဆိုရင်တော့ 1 ကိုနှိပ်လိုက်ပါ။ ကဲပြီးပါပြီဗျာ။